


mgyoe.com
SAMPLE BOOK

ချစ်ခြင်းမေတ္တာဟာ ....

mgyoe.com SAMPLE BOOK

အိမ်ပြန်လာတဲ့ အမျိုးသားချည်းပဲရှိလို့

ပြည့်စုံသွားမှာ မဟုတ်ဘူး။

စောင့်ကြိုတတ်တဲ့ အမျိုးသမီးချည်းပဲရှိလို့လည်း

ရုပ်လုံးပေါ်လာမှာ မဟုတ်ပါဘူး။


အိမ်ပြန်လာတဲ့ အမျိုးသားကို ....

စောင့်ကြိုတဲ့ အမျိုးသမီး ရှိနေတာကမှ ....

ချစ်ခြင်းမေတ္တာအတွက် လုံလောက်တဲ့ရုပ်လုံးပေါ်မှု ဖြစ်လာမှာပါ။

ချစ်ချင်သေးရင် နှစ်ဦးနှစ်ဖက်ဆိုတဲ့စည်းမျဉ်းကို

ဘယ်တော့မှ မမေ့ပစ်လိုက်နဲ့။



ချစ်နည်းများစွာ
9 782025 001507

mgyoe.com

mgyoe.com
SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၅၀)

ပုံနှိပ်မှတ်တမ်း



# နေမိကျော်

## ချစ်နည်းများစွာ

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ
မျက်နှာဖုံးဒီဇိုင်း ♦ Citamin
အတွင်းဒီဇိုင်း ♦ နိုင်ဝင်ထွန်း
ထုတ်ဝေသည့်အုပ်ရေ ♦ ၇၀၀
စာအုပ်တန်ဖိုး ♦ ၇၀၀၀ ကျပ်
ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၇၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘောကျွန်း ၂ လမ်း။
သဘောကျွန်းရပ်ကွက်၊ ဒေါပုံမြို့နယ်။
ပုံနှိပ်သူ ♦ ဒေါ်မြို့မြို့သန့်(မြို့မြို့ ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း။ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနှင့် အနောက်ရထာကြား။
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၆၀၂၀

နေမိကျော်
ချစ်နည်းများစွာ / နေမိကျော်။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၅။
စာမျက်နှာ - ၁၃၆၊ ၁၃. ၂၀ စင်တီ × ၁၈. ၂၀ စင်တီ
(၁၅၀) ချစ်နည်းများစွာ

mgyoe.com

mgyoe.com SAMPLE BOOK

သာမှာစာ

ချစ်နည်းများစွာ. . . တဲ့။
ဒီတစ်ခါတော့ စာအုပ်နာမည်လေးအတိုင်း
အချစ်အကြောင်း ရေးဖွဲ့ထားတဲ့ စာစုလေးတွေနဲ့
ပိုကောင်းအောင် ချစ်နိုင်မယ်လို့ထင်တဲ့
နည်းလမ်းတစ်ချို့ကို မျှဝေဖို့ စိတ်ကူးရခဲ့ပါတယ်။
သို့သော် လူတွေရဲ့ ထင်မြင်ချက်နဲ့ ယူဆမှုဟာ
သူ့ရဲ့ကျင်လည်လာရာ အတွေ့အကြုံတွေအပေါ်လည်း
အများကြီးမူတည်သေးတယ်လို့ ပြောလေ့ရှိသလိုပါပဲ။
တစ်ချို့လူတွေအတွက် ကွက်တိမှန်နိုင်ပြီး
တစ်ချို့လူတွေအတွက်တော့ တက်တက်စင်အောင်လွဲနေတဲ့
အကြံပြုချက်တွေရှိမယ်။ ကွက်တိမမှန်ပေမယ့်
ဆက်စပ်တွေးရင်း ပိုကောင်းတဲ့ဖြေရှင်းချက်ကို
ရသွားတာလည်းရှိမယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဒါပေမဲ့ ကျွန်တော်ဟာ မသုံးစွဲဖူးတဲ့
အကြံပြုချက်မျိုးကိုတော့ မျှဝေလေ့မရှိသူမို့
လက်တွေ့ကျစွာ ရရှိလာတဲ့
ဒီအကြံဉာဏ်တစ်ချို့က
အသုံးဝင်စေတဲ့နေရာ ရှိမယ်ဆိုတာကိုတော့
ယုံကြည်တာပါပဲ။
ဒါကြောင့် ဝေမျှမိတဲ့အခါ
ထိထိရောက်ရောက်ဖြစ်စေ၊
ဆက်စပ်ကြည့်ရင်းပဲဖြစ်စေ...
စိတ်ကူးကောင်းတစ်ခုကို ရရှိစေခဲ့ရင်
များစွာကျေနပ်နေမှာပဲ ဖြစ်ပါတယ်။
တက်တက်စင်အောင် လွဲနေတဲ့အခါလည်း
နားလည်မှုထားပေးရင်း...

mgyoe.com

mgyoe.com
SAMPLE BOOK


ဒီ့ထက်ပိုကောင်းတဲ့ အကြံဉာဏ်နဲ့
လမ်းတွေ ချော့မွေ့နေမှာကို မြင်ချင်ပါတယ်။
သိပ်ကြီးကြီးကျယ်ကျယ်
သုံးနှုန်းသလိုများ ဖြစ်သွားခဲ့ရင်...
ဟုတ်ကဲ့...
ဒါက ကျွန်တော်ခံစားရေးဖွဲ့ခဲ့တဲ့ အချစ်စာသား
ခပ်ချိုချိုလေးတွေလောက်ပါပဲ။
ဖတ်ရှုရင်း ခဏတာ စိတ်အမောတွေ...
ပြေပျောက်နိုင်ကြပါစေပေါ့။

မေတ္တာဖြင့် နေမီကျော်မှ

နေမီကျော်

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

၁

—

ချစ်ခြင်းမေတ္တာဟာ…
အိမ်ပြန်လာတဲ့ အမျိုးသားချည်းပဲရှိလို့
ပြည့်စုံသွားမှာ မဟုတ်ဘူး။
စောင့်ကြိုတတ်တဲ့ အမျိုးသမီးချည်းပဲရှိလို့လည်း
ရုပ်လုံးပေါ်လာမှာ မဟုတ်ပါဘူး။
အိမ်ပြန်လာတဲ့ အမျိုးသားကို…
စောင့်ကြိုတဲ့ အမျိုးသမီးရှိနေတာကမှ…
ချစ်ခြင်းမေတ္တာအတွက် လုံလောက်တဲ့ ရုပ်လုံးပေါ်မှုဖြစ်လာမှာပါ။
ဒါကြောင့် တွေးကြည့်ရင် နှစ်ဦးနှစ်ဖက်ဆိုတဲ့စကားဟာ
ဘယ်လောက်တောင် အရေးကြီး အသုံးဝင်လိုက်သလဲ။
ချစ်ချင်သေးရင် နှစ်ဦးနှစ်ဖက်ဆိုတဲ့စည်းမျဉ်းကို
ဘယ်တော့မှ မမေ့ပစ်လိုက်နဲ့။

♦♦♦

mgyoe.com

mgyoe.com
SAMPLE BOOK


## ၂

အခက်အခဲတစ်ခုကြားမှာ
တစ်ယောက်ကိုတစ်ယောက် ရှာတွေ့ခဲ့ရင်
ဒါက... တန်ဖိုးထားရလိမ့်မယ်။
အခက်ခဲတွေ အများကြီးကြားမှာ...
တစ်ယောက်ကိုတစ်ယောက် ပြန်ပျောက်ဆုံးမသွားဘူးဆို
ဒါက... ပိုတန်ဖိုးထားရတော့မှာပေါ့။
ချစ်သောရေ...
တကယ်တော့ အချစ်ကိုတွေ့တယ်ဆိုတာ
ပြဿနာတွေကို ဘယ်လောက်လွန်ဆန်ပြီး...
လူနှစ်ယောက် အတူဆက်ရှိနိုင်ကြသေးလဲ ဆိုတာပါပဲ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

၃

—

ချစ်ခြင်းဟာ
တစ်ယောက်ပိုက်ဆံ တစ်ယောက်မျှသုံးပြီး
တစ်ခါတလေ မလောက်လို့
အတူငတ်ခဲ့တဲ့နေ့တွေလိုမျိုး
ဆင်းဆင်းရဲရဲပဲ ချစ်ချစ်...
တစ်ယောက်ကို တစ်ယောက်တွေ့ဖို့
အိမ်နေရင်းဝတ်စုံနဲ့ ထွက်လာပြီးမှ
မထင်ရင်မထင်သလို
ဖြို့တစ်ပတ်လျှောက်လည်ခဲ့တဲ့ဖြစ်စဥ်တွေလို
စုတ်စုတ်ပြတ်ပြတ်ပဲ ချစ်ချစ်...
တစ်ယောက်ဘေးမှာ တစ်ယောက်ကရှိနေပြီး
ကြုံသလို Hero ဝင်လုပ်တတ်တဲ့ မြောက်ကြွမှုလို
ထောင့်မကြိုးစွာပဲ ချစ်ချစ်...

mgyoe.com

mgyoe.com SAMPLE BOOK


နောက်ဆုံး ညစ်ပတ်တာ၊ စုတ်ပြတ်တာတွေကအစ...
ကြည်နူးတာ၊ ဂုဏ်တင့်တယ်တာတွေအထိ...
အဲဒီလူနှစ်ယောက်အတွင်းမှာပဲ ဖြစ်တည်ပြီး
အဲဒီလူနှစ်ယောက်အတွင်းမှာပဲ
ဆက်တိုက် လုံလောက်နေခဲ့မယ်ဆိုရင်
ဒီချစ်ခြင်းဟာ
သိက္ခာရှိဆဲ၊ မွှေးပျံ့ထုံသင်းဆဲဖြစ်သလို
နှစ်လိုဖွယ် ကောင်းတုန်းပါတဲ့။
တကယ်တမ်းကျတော့ အရုပ်ဆိုးလွန်းတဲ့ အချစ်ဆိုတာ
လူနှစ်ယောက်တည်းနဲ့...
မလုံလောက်တော့ခြင်းသာ ဖြစ်ပါလိမ့်မယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

၄

—

ရှင်သန်မှုခက်ခဲလာတာနဲ့အမျှ လူတွေဟာ
ချစ်ခြင်းမေတ္တာပေါ် အာရုံမစိုက်နိုင်ကြတော့ဘူး။
အဲဒီအချိန်မျိုးမှာ ကိုယ့်အပေါ် အာရုံလာစိုက်တဲ့
ချစ်ခြင်းမေတ္တာ ရှိခဲ့ရင်လည်း အဲဒါ အတည်ပဲတဲ့။
ဥပမာပြောရရင် လူတစ်ယောက်က သူ့ချစ်သူနဲ့
မိသားစုပြဿနာတွေကြောင့်
ချစ်ကြည်နူးတစ်တီတူးဖို့
အာရုံမလာတော့ဘူး…
အရင်လိုလည်း
စကားတွေမချိုသာပေးနိုင်တော့ဘူး။
စိတ်ပင်ပန်းစရာတွေပဲပြောပြီး အိပ်သွားမယ်။
အခန့်မသင့်ရင် မသင့်သလိုလည်း
ပြဿနာရှာမိတယ်ဆိုရင်တောင်

mgyoe.com

mgyoe.com SAMPLE BOOK 

ကျန်တစ်ယောက်က…
နင် ငါနဲ့ ပျားရည်စမ်းစကားတွေ
မပြောပေးနိုင် ရသလား၊
ငါ့အတွက် သတင်းကောင်းတွေ
ဘယ်တော့မှ မရှိပါလားလို့ ဗွေမယူဘဲ
အားတင်းထားနော်…
ကို ရှိတယ်၊ မောင် ရှိတယ်၊
ဒါမှမဟုတ် ချစ် ရှိတယ်… ကလေး ရှိတယ်။
အဆင်မပြေရင် နား… အဆင်ပြေတဲ့အခါ
ငါ့ဆီ အားလုံးလာပြောပြပါလို့…
ဖုန်းထဲကနေ Message လေး ပို့ထားခဲ့တာဖြစ်ဖြစ်၊
တစ်စုံတစ်ခုကို အတင်းမတောင်းဆိုဘဲ
လုပ်ချင်တဲ့အချိန်မှ လုပ်လို့ရတယ်နော်လို့
နားလည်ပေးလာတာပဲဖြစ်ဖြစ်၊
အဲဒါဟာ ခက်ခဲတဲ့အချိန်မှာ ကိုယ့်အပေါ်
အာရုံလာစိုက်ပေးတဲ့ ချစ်ခြင်းမေတ္တာပဲတဲ့။
ကံကောင်းထောက်မလို့
ဒီလိုကံမျိုးတစ်ယောက်ယောက်ရခဲ့ရင်
အဲဒီတစ်ယောက်ကတော့
သေချာပေါက် အခက်အခဲတွေကြား
တစ်ချက်တစ်ချက် ပြုံးမိနေဦးမှာပါ။
ဘဝမှာ ချစ်ခြင်းမေတ္တာသာ ကျန်ရှိနေသေးရင်…
အတော်များများက
အစားပြန်ထိုးဖို့ လွယ်တယ်မဟုတ်လား။

♦♦♦

mgyoe.com

mgyoe.com
SAMPLE BOOK

## ၅. လိုတာကိုဖြည့်လို့ ပိုတာကိုဘာလုလုလျှော့မှ...

—

လိုအပ်ရင် အသက်ပေးမယ်လို့ ပြောပြီး...
ပူဖောင်းလေးတစ်လုံး လိုချင်တာ၊
ပန်းတစ်ပွင့် ခူးပေးစေချင်တာတွေကျမှ
လျစ်လျူရှုထားမိရင်လည်း
ပြဿနာဖြစ်စေနိုင်ပါသေးတယ်။
ဆက်ဆံရေးတွေကို
ပြတ်တောက်ဆုံးရှုံးသွားစေနိုင်တဲ့ လွဲချော်မှုနှစ်ခုက
လူတစ်ချို့ဟာ သေးသေးလေးတွေမှာ
အရေးတယူလုပ်ခဲ့ပြီး
တကယ့်တကယ်အရေးကြုံရင် ရှောင်ကွင်းသွားတတ်တာနဲ့
လူတချို့ကျတော့
တကယ့်အရေးကြုံရင် ငါရှိပါတယ်လို့ ပြောပြီး
ဘာမှမခက်တဲ့ သေးသေးလေးတွေမှာကျ

mgyoe.com

mgyoe.com SAMPLE BOOK

အမြဲလျစ်လျူရှု ပစ်ပယ်ထားခဲ့မိတာပဲ။
ဘာနဲ့တူလဲဆိုရင်
ညအမှောင်မိုးရေထဲ လာကြိုဖို့
ချစ်သူ ဖုန်းဆက်တာကို
တစ်ယောက်က ကားရှိတဲ့အချိန်မှာ ကားနဲ့လာကြိုပြီး
ကားမရှိတဲ့အချိန်ကျ
"မင်းဘာသာ တစ်ယောက်တည်းပြန်ခဲ့တော့၊
ကားမရှိလို့" လို့ ပြောတဲ့လူနဲ့
တစ်ယောက်က ကားမရှိတဲ့အချိန်မှာတောင်
ဂရုတစိုက် လမ်းလျှောက်လာကြိုခဲ့ပြီး
ကားရှိတဲ့အချိန်ကျမှ
"ကားက ထုတ်ရဦးမှိုလို့ လာမကြိုချင်တော့ဘူး။
ခြေထောက်နဲ့ ပြန်ခဲ့တော့" လို့
ပြောတာမျိုးနဲ့ တူနေတာ။
ငါတို့သာ ချစ်သူတစ်ယောက်အပေါ်
တကယ်ပူပန်ရင်
အဲဒီနှစ်ခုကို ညီမျှသွားအောင် ညှိလို့ မရနိုင်ဘူးလား။
ကားရှိနေရင် ကားနဲ့ကြိုမယ်...
ကားမရှိလည်း စိတ်မပူနဲ့၊
ကိုယ်လမ်းလျှောက်လာပါမယ်ပေါ့။
အမိကက ကိုယ်မင်းကို စိတ်မချဘူး...
ဘာလို့ စိတ်မချတာလဲ၊ ချစ်လို့ စိတ်မချတာလေ။
"ငါတို့ အဲဒီမှာ အချစ်ကို မရှာရဘဲ တန်းတွေ့တာပဲ"
အပေါ်က ပြောခဲ့သလို အခြေနေမျိုးကျ...
ချစ်သည်ထားဦးတော့၊ လက်ခံရရှိသူဘက်က
အချစ်ကို မတွေ့ရှိနိုင်တော့ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီအစား "ဘာလို့ ကားနဲ့မှလာပြီး
လမ်းလျှောက်တော့ မလာခဲ့ရတာလဲ"
"ဘာလို့ လမ်းလျှောက်တောင်လာပြီး
ကားနဲ့ကျမှ မလာချင်ရတော့တာလဲ" လို့
လုပ်ရပ်အလွဲကြောင့်
သိမှတ်မှုတွေလည်း လွဲချော်သွားတဲ့အချိန်မှာ
အဲဒီအဓိက... ကိုယ်မင်းကို စိတ်မချဘူး၊
ဘာလို့ စိတ်မချတာလဲ၊ ချစ်လို့ စိတ်မချတာလေဆိုတဲ့
အရေးကြီးတဲ့ သော့ချက်က ပျောက်သွားပြီး...
လက်ခံရရှိသူက အချစ်ကိုပါ
တစ်ပါးတည်း အတူတူပျောက်သွားတော့တာ။
ချစ်တာကို မခံစားရတော့တာ။
ငါတို့ဟာ ဘဝမှာ တစ်ခါတွဲဖူးတဲ့ လက်တွေက
တကယ်အတူမရှိချင်တော့လို့ ပြန်ကွဲကြတာရှိသလို
ဒီအတိုင်း အတူရှိချင်ခဲ့လျက်နဲ့ နားလည်မှုအလွဲတွေကြောင့်
လက်လွှတ်လိုက်ရတာမျိုးလည်း ရှိပါတယ်။
ပြီးတော့ ငြင်းခုန်မှုတွေ အားပြိုင်ချိန်မှာ
ဒါက ငါ့အကျင့်၊ ငါ့စတိုင်၊ ငါ့ပုံစံပဲလေလို့
ရာနှုန်းပြည့် ကြွေးကြော်လွန်းအားကြီးတာကလည်း
အဲဒီနားလည်မှုအလွဲဆိုတဲ့ လမ်းဆုံဆီ...
တည့်တည့် ရောက်သွားစေတာပါပဲ။
ဒါကြောင့် တကယ်ချစ်ရင်တော့ သတိလေးထားရပါမယ်။
လိုတာကိုဖြည့်ရင်း ပိုတာကို အတူတူလျှော့မှ
ချစ်ခြင်းတစ်ခုဟာ ခိုင်မယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

## ၆. ခံစားမှုသပ်သပ် ချစ်စိတ်

အရည်အသွေးမြင့်ပြီး မက်မောစရာ
အထောက်အပံ့ကောင်းတွေ မပါဝင်တဲ့
ခံစားမှုသပ်သပ် ချစ်စိတ်ဟာ...
တကယ်အတွဲညီတဲ့ အိမ်ထောင်တစ်ခုကို မဖြစ်ပေါ်စေနိုင်ဘူး။
အားနေတဲ့ ခင်ပွန်းသည်ဟာ ကိုယ့်ဇနီး ဈေးကပြန်လာရင်
အမောပြေအောင် ရေအိုးထဲ ရေဖြည့်ထားရကောင်းမှန်း မသိဘူး။
ကလေးတစ်ဖက်နဲ့ ထမင်းစားချိန်မရတဲ့ ဇနီးကို
ကလေးကူထိန်းပေးရကောင်းမှန်း မသိဘူး။
ထမင်းအိုး ကူငှဲ့ရကောင်းမှန်း မသိဘူး။
ဈေးကူရောင်းပေးရကောင်းမှန်း မသိဘူး။
ဒီလိုပဲ၊ မီခိုမှုသပ်သပ် အေးဆေးနေတဲ့ ဇနီးသည်ဟာလည်း
ကိုယ့်ခင်ပွန်းအလုပ်က ပြန်လာချိန် ရေတစ်ခွက်
ခပ်တိုက်ရကောင်းရယ်လို့ မတွေးမိဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK

ကိုယ့်ခင်ပွန်းဟာ ဘယ်သူ့မျက်နှာကို ကြည့်ပြီး
ဒီပိုက်ဆံရခဲ့လဲလို့ မတွေးကြည့်ဘူး။
ငါ့ခင်ပွန်း အရမ်းခက်ခဲနေရင်
ငါ အစားတစ်လုပ်လျှော့ခြင်းဖြင့်
သူ့မာနကို ကာကွယ်လိုက်မယ်ဆိုတဲ့
ပေးဆပ်လိုစိတ်မျိုး လုံးဝမရှိဘူး။
ဒါ ချစ်လို့ယူခဲ့သော်ညား
ခံစားမှုဆိုတဲ့ ချစ်စိတ်သပ်သပ်ချည်း ပါခဲ့လို့ပဲ။
ချစ်ဖို့ဟာ အရေးကြီးပါတယ်...
ဒါပေမဲ့ ချစ်ချင်တဲ့ ခံစားချက်သပ်သပ်ချည်း ရှိနေတာကတော့
လုံလောက်တဲ့ ပြည့်စုံခြင်း မဟုတ်ပါဘူး။
ဘယ်လိုပုံစံလဲဆို ငါ မင်းနဲ့ ထမင်းလက်စုံ အတူစားချင်တယ်။
သို့သော် ထမင်းအိုးကိုတော့ မင်းပဲတည်လိုက်။
ငါ မင်းနဲ့ နှစ်ကိုယ်တည်း တီတီတာတာ လုပ်ချင်တယ်။
ဒါပေမဲ့ ကလေးငြိမ်သွားအောင်တော့ မင်းပဲကြည့်ရှင်းလိုက်။
ကျွန်မ ရှင်နဲ့အတူ သာယာလှပတဲ့အချိန်တွေ ဖန်တီးမယ်။
ဒါပေမဲ့ အဲဒါလုပ်ဖို့တော့ ရှင်ပဲ အပင်ပန်းအရင်ခံလိုက် ဆိုသလိုမျိုး။
ချစ်ပဲ ချစ်တတ်တာ၊ သူတို့နှလုံးသားအလိုကိုပဲ ဖြည့်ချင်တာ။
ကျန်တဲ့ မက်မောစရာ ကိုယ့်ဘေးက လက်တွဲဖော်အပေါ်
အထောက်အပံ့ဖြစ်စေတဲ့ အရည်အသွေးကောင်းတွေ လုံးဝမပါဘူး။
ဒါဆိုရင် အဲဒါဟာလည်း လက်တွဲသင့်တဲ့
အိမ်ထောင်ဖက်ထဲ မပါပါဘူး။
ချစ်ဖို့ဟာ အရေးကြီးပါတယ်...
သို့သော် ချစ်ဖို့ချည်းတစ်ခုပဲ သိတဲ့သူနဲ့တော့ မဖြစ်ပါဘူး။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

## ၇. အမြင်တွေ ပြောင်းလဲလာတဲ့အခါ...

တစ်ခါတလေ တွဲတာကြာပြီး
အရမ်းနီးစပ်လာတဲ့အခါ
Relationship တစ်ခုမှာ
အမြင်ပြောင်းလဲလာတာတွေ
များသောအားဖြင့် ကြုံရတတ်တယ်။
တချို့က "ငါသူ့ကို ကြိုက်ကာစက ထင်ခဲ့တာထက်
သူက ပိုရင့်ကျက်တာပဲ
ပိုတော်တာပဲ၊ ပိုသဘောထား ကြီးပေးနိုင်တာပဲ"
တချို့ကျလည်း "ငါသူ့ကို စကြိုက်တုန်းက
သူနဲ့နေရတာ
ဒီ့ထက်ပိုပျော်ရွှင်စရာကောင်းမယ် ထင်ခဲ့တာ၊
သူက ဒီ့ထက် ပိုတက်ကြွမယ်ထင်တာ...
လက်တွေ့မှာကျ စိတ်ညစ်စရာကြီး၊

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ဘဝက အပြစ်အနာအဆာတွေ သိပ်များပါလား"
စသဖြင့်... တွေ့စ၊ ကြိုစတုန်းကနဲ့
မတူကွဲပြားတဲ့ အမြင်တွေ။
ဒါပေမဲ့ ဒါဟာ သဘာဝပါပဲ။
ဆက်ဆံရေးတစ်ခုမှာ အလွန်နီးကပ်တဲ့
ပတ်သက်ယှက်နွယ်မှုတွေ သိပ်များလာပြီဆိုရင်
အပေါ်ယံကြောက မြင်ရ၊ သိရတဲ့အရာတွေနဲ့
မတူကွဲပြားလာလိမ့်မယ်ဆိုတာ သဘာဝပဲ။
သို့သော် ဒီအမြင်တွေအပေါ် လိုက်ပြီး...
လူနှစ်ယောက်ကြားက ရှိပြီးသား ခံစားချက်တွေ၊
ရင်းနှီးခဲ့ရတဲ့ အမှတ်တရတွေ မပျက်စီးသွားစေဖို့ဆိုရင်
ဒီလူနှစ်ယောက်စလုံးမှာလည်း...
တာဝန်တစ်ခုစီယူတတ်ဖို့ သိပ်အရေးကြီးပါတယ်။
အဲဒါ ပြသသူရဲ့ဘက်က...
"အိုး... ဒီလူကို ငါရပြီးပြီပဲ၊
ဂရုစိုက်စရာ မလိုတော့ဘူး၊
ထိန်းသိမ်းစရာ မလိုတော့ဘူး...
တကယ်ချစ်ရင်
ဘာဖြစ်ဖြစ်လက်ခံရင်း ဆက်ရှိနေရမှာပေါ့" လို့
အရာရာ ပစ်စလက်ခတ် ရေစုန်မျှောပစ်သင့်သလို
လှမ်းကြည့်သူရဲ့ဘက်ကလည်း
"တော်ပြီကွာ၊ အထင်နဲ့အမြင်နဲ့ တစ်ခြားစီ၊
ငါတော့ နောက်လှည့်ပြန်တော့မယ်" လို့...
ဆုံးဖြတ်ချက်ချလိုက်တာကလည်း
မှန်ကန်တဲ့လုပ်ရပ်တော့ မဟုတ်ပါဘူး ။
ဘာလို့ဆို ပြသသူဘက်က ကိစ္စတိုင်းမှာ

mgyoe.com

mgyoe.com
SAMPLE BOOK

ပစ်စလက်ခတ်ပဲ လုပ်လေ့ရှိတဲ့အခါ
ပရမ်းပတာ တည်ရှိမှုတစ်ခု ဖြစ်လာပြီး…
အဲဒီလို ပရမ်းပတာချည်းရှိနေတဲ့ ရပ်ဝန်းမှာလည်း
ဘယ်သူကမှ ကြာကြာ
အစအနတွေကို လိုက်ကောက်ရင်း
သိမ်းဆည်းပေးချင်စိတ် ရှိမှာမဟုတ်ပါဘူး။
ဒါကြောင့် လူတစ်ယောက်ကို ရပြီးသည့်တိုင်…
ကိုယ့်ရဲ့ တောက်ပမှုကို အဆုံးမသတ်လိုက်ပါနဲ့။
ကိုယ့်အရည်အသွေးတွေ အလုံးစုံ ကျဆင်းမခံလိုက်ပါနဲ့။
လှမ်းကြည့်သူအနေနဲ့လည်း
လောကမှာ ဘဝတိုင်းနီးပါးက
တောက်ပတဲ့ အစိတ်အပိုင်းနဲ့ ညှိုးငယ်တဲ့ ဖြစ်ရပ်တွေကို
ကိုယ်စီပိုင်ဆိုင်ထားရတယ်ဆိုတာကိုသိထားသင့်တယ်။
လူတိုင်း အရယ်အပြုံး ရှိတယ်၊
လူတိုင်းမှာ မျက်ရည် ရှိတယ်။
မြင်ခွင့်ရလိုက်တာနဲ့ မြင်ခွင့်မရခဲ့တာပဲ ကွာပါတယ်။
ဒါကြောင့် ကိုယ်ရွေးချယ်မိတဲ့လူကမှ
ဒဏ်ရာတွေ ဗလပွနဲ့လို့ထင်ပြီး
အကောင်းကြိုက်တဲ့ကလေး နောက်မှ အရွေးလွန်ပြီး
ငါးကြီးကြီးလွတ်သလို ငိုပွဲဆင်ရတာမျိုးမဖြစ်ချင်ရင်
အမြဲ ပိုသာတာတွေနောက်လိုက်ပြီး…
အပေါ်ယံကြောကိုမှ ဟုတ်လှချည်ရဲ့လို့ ယုံပြီး
မဆုံးဖြတ်လိုက်မိပါစေနဲ့။
ဒါဟာ နှစ်ဦး၊ နှစ်ယောက်စလုံးရဲ့ တာဝန်သာဖြစ်ပါတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

## ၈. မောင်တစ်ထမ်း မယ်တစ်ရွက်

—

ဇနီးတစ်ယောက်ရဲ့ ချစ်ခြင်းက စစ်မှန်တဲ့အခါ
အိမ်ကို ပြန်လာစေချင်ပြီး...
ခင်ပွန်းတစ်ယောက်ရဲ့ မေတ္တာက ကြီးမားတဲ့အခါ
အိမ်ကထွက်သွားပေးရဲတဲ့ စွန့်လွှတ်မှုမျိုးထိ ရင်းနှီးနိုင်လာတယ်။
သိလား... ဘဝမှာ အတူတွဲထားတဲ့ လက်တွေတိုင်းက
နှစ်ကိုယ်တစ်စိတ် ဖြစ်နေကြတာ မဟုတ်ဘူးတဲ့။
တချို့ဇနီးသည်တွေက ခင်ပွန်းကို အိမ်ပြန်မလာစေချင်တော့ဘူး။
တချို့ခင်ပွန်းတွေကလည်း ကိုယ့်သားသမီးနဲ့ ဇနီးအတွက်
လုံခြုံတဲ့ဘဝရပ်တည်မှုတစ်ခုကို ပေးစွမ်းဖို့
စွန့်စွန့်စားစား မကြိုးစားပေးနိုင်ကြဘူး။
ဘာလို့ဆို ဇနီးက ငွေကိုသာ ခင်ပွန်းထက်
ပိုတန်ဖိုးထားသွားလို့ ဖြစ်ပြီး...
ခင်ပွန်းကတော့ သူ့ရဲ့သက်သာရာသက်သာကြောင်း

mgyoe.com

mgyoe.com
SAMPLE BOOK


ဧအးဧအးဆေးဆေး အခြေအနေလေးတစ်ခုလောက်တောင်
ဒီမိသားစုအပေါ် ချစ်ခင်တာဝန်ယူလိုစိတ် မပြင်းပြခဲ့လို့ ဖြစ်နိုင်ပါတယ်။
ဒါကြောင့် ဘဝမှာ တချို့ ဖြစ်သင့်ဖြစ်ထိုက်လို့ ဖြစ်တာပဲလေဆိုပြီး
ကိုယ်ပေါ့ပေါ့လေး တွေးခဲ့မိတဲ့
ပေးဆပ်မှုတွေ၊ လုပ်ရပ်တွေ၊ ကြိုလင့်မှုတွေက
အတော့်ကိုမှ ဂုဏ်ယူချီးကျူးထိုက်စရာ
မေတ္တာတရားတစ်ခုကို တွေ့ရှိခဲ့တာလည်း ဖြစ်နေနိုင်တယ်။
ခင်ပွန်း အိမ်ပြန်လာရင် ဇနီးကြိုရမှာ သဘာဝဆိုပေမယ့်...
ပိုက်ဆံရှာပေးရင် ခင်ပွန်းက ပိုပြီး...
အားသွန်ခွန်စိုက် ကြိုးစားရမှာ သဘာဝဆိုပေမယ့်
လူ့စိတ်နဲ့ လုပ်ရပ်တွေက အဲဒီသဘာဝတွေကို
လွန်ဆန်နေခဲ့တာ ကြာပါပြီ။
ဒါကြောင့် ဝင်ငွေရပ်သွားသည့်တိုင် အိမ်ပြန်လာတဲ့အချိန်မှာ
ကိုယ့်ကို လှိုက်လှိုက်လှဲလှဲ နားစေချင်စိတ်အပြည့်နဲ့
ဆီးကြိုတဲ့ အမျိုးသမီးတစ်ဦးကို ရထားတာဟာ
ဘဝအတွက် အလွန်မှ အမောပြေစရာဆုလာဘ်ပါ။
ကိုယ့်အတွက် စွန့်စွန့်စားစားနဲ့ သူ့ခံစားချက်တွေကို ဖက်နဲ့ထုပ်ပြီး
လောကဓံဆီ သွားစိန်ခေါ်ပေးရဲတဲ့ လူတစ်ယောက်ကိုရတာဟာလည်း
အလွန်မှ နွေးထွေးအေးမြတဲ့ ဆုလာဒ်တစ်ခုရဲ့
အရိပ်ကို ခိုနားခွင့်ရလိုက်တာပါ။
နောက်ပြီး ချစ်သူဘဝမှာ "နားစေချင်တယ်" လို့
ခဏခဏပြောတတ်တဲ့ ချစ်သူမိန်းကလေးဟာ ထိုဇနီးနဲ့အတူတူပါပဲတဲ့။
အနာဂတ်အကြောင်း အမြဲတွေးပေးတတ်တဲ့
ချစ်သူ ယောကျ်ားလေးကတော့ ထိုခင်ပွန်းလိုပေါ့။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

## ၉. အဆင်မပြေမှာ ကြောက်သေးရဲ့လား...

---

သူ့ဘက်က အိပ်မပျော်သေးဘူးမှန်းသိရင်
ည ၁၂ နာရီ၊ ၂ နာရီကြီးလည်း
ကိုယ့်ဘက်က အိပ်ချင်မူးတူးနဲ့ ကုန်းရုန်းထပြီး
"အဆင်ပြေလား၊ စကားပြောကြရအောင်လေ"
ရတယ်၊ ဘာမှမဖြစ်ပါဘူးလို့ မညည်းမညူ ပြောပေးခဲ့ပြီး...
ကိုယ်အိပ်လို့ ပျော်နေပြီမှန်းသိရင်လည်း...
မနက် ၇ နာရီ၊ ၈ နာရီပဲ ထိုးပါစေ၊
ကိုယ်လန့်နိုးပြီး ခေါင်းမူးသွားမှာကို သူ့ဘက်က စိုးရိမ်တုန်းပဲ။
ချစ်ခြင်းမေတ္တာဆိုတာ ဘာလဲ။
ငယ်ရွယ်စဉ်ကတော့ ခေါင်းစဉ်တွေ သိပ်များခဲ့ပါတယ်။
နားလည်မှု၊ ပေးမှု၊ ရင်ခုန်မှု၊ ငဲ့ညှာမှု။
အခုကျတော့ မဟုတ်ဘူး။ တစ်ခုပဲ...
"တစ်ယောက် အဆင်မပြေနေမှာကို တစ်ယောက်က ကြောက်မှု"

mgyoe.com

mgyoe.com
SAMPLE BOOK


ဘယ်နေရာမှာမဆို တစ်ယောက် အဆင်မပြေမှုကို
တစ်ယောက်က ကြောက်နေသေးရင်
ဘာဖြစ်ဖြစ် အဆင်ပြေသွားတယ်။
နားလည်မှုလိုရင် နားလည်ပေးလိုက်ပြီး
ငဲ့ညှာမှုလိုရင် ငဲ့ညှာပေးလိုက်လိမ့်မယ်။
လိုတာသာ ဖြည့်ပေးမိလိုက်ရုံပဲ။ အရမ်းကိုမှ ရိုးရှင်းတာ။
တစ်ဆက်တည်းမှာပဲ ဘာတွေးမိလဲဆိုတော့...
ဆက်ဆံရေးတစ်ခုမှာ တစ်ယောက် အဆင်မပြေမှုကို
တစ်ယောက်က မကြောက်တော့ရင်လည်း...
တော်ပြီ၊ အမောခံပြီး အဲဒီဆက်ဆံရေးကို...
ရေလိုတာလား၊ ဆားလိုတာလားလို့
မေးခွန်းတွေ အများကြီးထုတ်ပြီး အဖြေရှာမနေနဲ့တော့။
"အဆင်မပြေမှုကို မကြောက်တော့ရင်
ဘာဖြစ်ဖြစ် အဆင်မပြေတော့ဘူး"
အကုန်လိုသွားတယ်၊ ဘာကိုမှ မဖြည့်တော့ဘူး။
အဲဒီအချိန်မှာလည်း နှစ်ဦးနှစ်ဖက်က
မဖြည့်တော့ရင် အဆင်ပြေပေမယ့်
တစ်ယောက်က မဖြည့်ချင်တော့တာကို
နောက်တစ်ယောက်က လက်မခံနိုင်ဘဲ ဖြည့်ချင်နေသေးလို့...
တစ်ဖက်တည်းက နှစ်ဆလိုက်ဖြည့်နေမိရင်လည်း
အဲဒီဆက်ဆံရေးက ဘာနဲ့တူလဲဆိုတော့
ပျက်သွားတဲ့ ဟင်းအိုးကြီးနဲ့ပဲ တူတော့တယ်။
ဖြည့်သာဖြည့်နေတာ၊ ဖြည့်သာဖြည့်လာတာ...
ကောင်းမွန်တဲ့ တစ်ခုခုတော့ မဟုတ်နိုင်တော့ပါဘူး။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

## ၁၀. နောက်တစ်နည်းသော အချစ်စကား

—

"အချစ်ဆိုတာ လက်ခံပေးခြင်းပဲ၊ မပြုပြင်ခိုင်းရဘူး" တဲ့။
တကယ်တော့ အဲဒီပြုပြင်ခိုင်းနေသေးတာကိုက
လက်ခံပေးခြင်း တစ်မျိုးပဲ...
Love language တစ်မျိုးပဲဆိုတာလည်း သိသင့်တယ်။
မတူတာတွေကို အလကားလိုက်ညှိယူဖို့
လောကမှာ ဘယ်သူက အချိန်တွေ ပိုနေကြလို့လဲ။
ပျော်စရာမကောင်းဘူး၊ အံကိုက်မညီဘူးဆိုရင် စွန့်ပစ်လိုက်ရုံပဲ။
ဒါပေမဲ့ ကြိုးစားပြီး ပြင်ဆင်နေတယ်။
ဒါကိုပဲ ထပ်ခါထပ်ခါ မျှော်လင့်ချက်တွေထားတယ်။
အထိအရှခံပေးနေသေးတယ်ဆိုတာဟာ သိပ်ကိုချစ်လို့ပဲ။
ငါတို့ဟာ အရိုးစွဲနေတဲ့ ဆယ်ကျော်သက် ရူးနှမ်းမှုတွေကိုတော့
မေ့ပစ်လိုက်သင့်ပါပြီ။
လက်တွေ့မှာ သိပ်ချစ်လို့ အပြစ်မမြင်ခဲ့ဘူးဆိုတာဟာ

mgyoe.com

mgyoe.com SAMPLE BOOK


ရည်းစားသက်တမ်း တစ်နှစ်ကျော်လောက်မှာတောင်
ရှိတတ်ရုံလေး ရှိပြီး...
အဲဒီလိုလူတွေကပဲ နောက်ကျ အပြစ်ပိုမြင်နေတာလည်း
များစွာတွေ့နေတာပဲ မဟုတ်လား။
ဒါကြောင့် ခရီးရှည်ကြီးထိ ရည်ရွယ်ထားတဲ့ လက်တွဲဖော်တွေဟာ
သူကလည်း သူမကြိုက်တဲ့ အချက်တွေပြောပြီး
ကိုယ့်ကို ပြုပြင်ခိုင်းတာ ကောင်းတယ်။
ကိုယ်ကလည်း အဆင်မပြေတာကို ပြန်ပြောခွင့်ရှိတယ်။
ဒါပေမဲ့ လက်ခံထိုက်တဲ့ ပြုပြင်ခိုင်းမှုနဲ့...
ဖြစ်သင့်တဲ့ ပြုပြင်ပေးရမှု ဟုတ်သလား ဆိုတာတော့
နှစ်ဦးစလုံး ဝေခွဲစမ်းစစ်ရမှာပေါ့။
အမိက,က ပြင်သင့်တာ ပြင်ခိုင်းတာကို ဘူးခံပြီး
ငါအမှန်ချည်း မလုပ်ဖို့ရယ်
မပြင်သင့်တာကို သွားပြင်ခိုင်းပြီး
တစ်ကိုယ်ကောင်းမဆန်ဖို့ရယ်ပါ။
ငါတို့ဟာ ကွဲလွဲချက်ပေါ်တဲ့ ထိတိုက်မှုမျိုးနဲ့ တွေ့ဆုံကြရတဲ့အခါ
ကံကြမ္မာကို သွားအပြစ်တင်လို့ မရသလို
မင်းကိုလည်း မစွန့်လွှတ်နိုင်ဘူး...
အေး...မင်းနဲ့အတူ ပျော်ရွှင်မှုကိုလည်း အဆုံးရှုံးမခံနိုင်ပြန်ဘူး။
အဲဒီအခါမျိုးမှာ ငါတို့ ညှိယူကြရအောင်လို့ ပြောတာ၊
ငါတို့ ပြုပြင်ကြည့်ရအောင်လို့ ပြောတာဟာ
လက်တွေ့ကျတဲ့ Love language တစ်ခုပါ။
တစ်နည်းအားဖြင့်... အပြစ်ပဲပြောနိုင်ပြီး
မစွန့်လွှတ်နိုင်ခဲ့တဲ့ ချစ်ခြင်းမေတ္တာရဲ့ သင်္ကေတတစ်ခုပါပေါ့။

♦♦♦

mgyoe.com

m gyoe.com SAMPLE BOOK

# ၁၁။ ချစ်စိတ်နဲ့ ကိုယ်ကျင့်သီလ

—

ဘဝဟာ အန္တရာယ်ကင်းဖို့ ချစ်တဲ့လူကို...
ကိုယ်ကျင့်သီလစောင့်ထိန်းပါလို့ တိုက်တွန်းရတာထက်
အစကတည်းက သူ့ကိုယ်ကျင့်သီလကို
အပျက်ပြားမခံတဲ့လူမျိုးကို ချစ်လိုက်တာကပဲ ပိုသေချာပါတယ်။
ငါတို့ဟာ တစ်ခါတလေကျ အမှားကြီးကြီး လုပ်မိတတ်ကြတယ်။
သစ္စာဖောက်ရမှာ မရှက်တဲ့ လူတစ်ယောက်ကို သွားချစ်ပြီး
သစ္စာရှိပေးမလားလို့ မျှော်လင့်တာမျိုး။
ရက်စက်ရာမှာ လက်မတွန့်တဲ့လူနဲ့ သွားပတ်သက်ပြီး
ငါ့ကိုဆိုရင်တော့ ငဲ့ညှာပေးမလားလို့ ဆုတောင်းတာမျိုး။
အလွဲ...မျှော်လင့်တာနဲ့ ပြန်လည်ရရှိမှု အလွဲတွေ။
ငါတို့ဟာ ချစ်တာကလည်း ချစ်တာ၊
ကိုယ်ကျင့်သီလကလည်း ကိုယ်ကျင့်သီလပဲနော်။
မဆိုင်ပါဘူး... ချစ်တာတစ်ခုတည်းကြောင့်နဲ့

mgyoe.com

mgyoe.com SAMPLE BOOK



ကိုယ်ကျင့်သီလ မခိုင်မာလာတတ်ဘူး။
ကိုယ်ကျင့်သီလ ခိုင်မာတာကြောင့်သာ
အချစ်ကို မဖြစ်သင့်တာ မဖြစ်အောင် ထိန်းသိမ်းခဲ့လိုက်ကြတာပဲ ရှိမယ်။
ဒါကြောင့် ဘယ်ဟာက အဓိက၊ ဘယ်ဟာက သာမညလို့ခွဲတော့…
ကိုယ်ကျင့်သီလက အဓိက၊ အချစ်က သာမည ပိုဖြစ်နိုင်တယ်။
ဘာကြောင့်ဆို ကြားဖူးလား…
ခံစားချက်တွေဟာ အမြဲပြောင်းလဲ၊ ယိမ်းယိုင်နေတာတဲ့။
အင်း… အဲဒီအချစ်ဆိုတာကြီးကလည်း
ခံစားချက်တစ်ခုအပါအဝင်ပဲ။
ပြောင်းလဲမယ်၊ ယိမ်းယိုင်တတ်တယ်။
ဒါကို ဆယ်ကျော်သက်အရွယ် မနူးမနပ်လေးတွေတုန်းကတော့
ငါတို့ဟာ လက်ခံနိုင်မှာ မဟုတ်ပါဘူး။
ဟင်အင်း… လူတစ်ယောက်ကို ချစ်ရင်…

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ချက်လေးတောင် မယိမ်းယိုင်ဘဲ၊
တစ်စက္ကန့်တောင် စိတ်ကစားသွားတာ မရှိဘဲ
အစဉ်တစိုက် အဲဒီလူကိုပဲ တည့်တည့်ကြီး ချစ်လာရမယ်ပေါ့။
ဒါပေမဲ့ ဘဝမှာ နေထိုင်တာကြာပြီး အတွေ့အကြုံများလာတဲ့အခါ
တစ်ချို့ကိစ္စတွေကို မေးခွန်းထုတ်မိလာတယ်။
အိမ်ထောင်သက် အနှစ် ၃၀ ကျော်တောင် ထိန်းသိမ်းလာတဲ့
ဇနီးမောင်နှံနှစ်ယောက်က
တစ်ခါလေးတောင် သူတို့အချစ်တွေ မယိမ်းယိုင်ဖူးဘူးလား။
ဒါမှမဟုတ် ဖောက်ပြန်သွားတဲ့သူတွေကမှ ယိမ်းယိုင်ခဲ့တာလား။
တကယ်ပဲ တချို့လူတွေကတော့
တစ်ခါလေးတောင် မယိမ်းယိုင်ဘဲ
တည်မြဲနေခဲ့တာမျိုး ရှိချင်ရှိပါမယ်။
သို့သော် အကုန်လုံးလို့တော့ မဆိုရဲတော့ပါဘူး။
တည်မြဲသူအားလုံး တစ်စက္ကန့်တောင် မယိမ်းယိုင်ဖူးဘူးလို့
အာမ မခံရဲတော့ဘူး။
ကိုယ်တိုင်လည်း အချစ်ကို ခံစားဖူးတာပဲ။
အချစ်ရဲ့ သဘာဝကို ထိုက်သင့်သလောက် နားလည်နေတာပဲ။
အဲဒီအခါ ယိမ်းယိုင်ခဲ့သည့်တိုင်အောင်
ဘာကပြန်တည်မြဲနေစေတာလဲ အဖြေရှာကြည့်တော့
ကိုယ်ကျင့်သီလကို သွားတွေ့တယ်။
"အချစ်ထက် ကိုယ်ကျင့်သီလ...
အချစ်တွေ ယိမ်းယိုင်ချိန်မှာတောင်
လမ်းတွေကို ပြန်တည့်မတ်စေခဲ့တဲ့ ကိုယ်ကျင့်သီလ"
အဲဒီကိုယ်ကျင့်သီလ မတည့်တဲ့ လူတွေကတော့...
အနေနီးသွားလို့ပါ။ ဆွဲဆောင်ခံလိုက်ရလို့ပါ။
ကရုဏာ သက်မိလို့ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီဘက်က လူက လိုတာတွေ ဖြည့်ဆည်းပေးနိုင်လို့ပါဆိုတဲ့
အကြောင်းပြချက်ပေါင်းစုံနဲ့ နောက်တစ်လမ်းကို
ကောက်ကောက်ပါအောင် ဖောက်ပြီး ထွက်ခွာသွားခဲ့ကြတာပဲမလား။
ကိုယ့်ချစ်သူ အမျိုးသားတစ်ယောက်ကို
အသံတိတ် စီးမိုတ်ပြီး ဆိတ်ငြိမ်တဲ့ အခန်းတစ်ခုထဲမှာ
အဝတ်ဗလာနဲ့ အမျိုးသမီးတစ်ယောက်က ဆွဲဆောင်ချိန်...
ငါတို့အချစ်တွေ တစ်စစီ စုတ်ပြတ်ပြိုကွဲမသွားဖို့က...
အဲဒီကိုယ့်ချစ်သူအမျိုးသားမှာ ကိုယ့်အပေါ် ချစ်တဲ့စိတ်ရှိဖူးတာထက်
သူကိုယ်တိုင်မှာ သူ့ရဲ့ကိုယ်ကျင့်သီလ
ဘယ်လောက်ထိ တည်မြဲလဲဆိုတဲ့အပေါ် မူတည်ပြီး
ပိုပြီးအကာအကွယ် ပေးနိုင်သွားလိမ့်မယ်။
ခရောင်းလမ်းမှာ လျှောက်ပြီး ထမင်းရေအတူလျှက်နေရလို့
မောပန်းနေတဲ့ ကိုယ့်အမျိုးသမီးကို...
ယောကျ်ားတစ်ယောက်က ငွေထုပ်ပစ်ချပေးပြီး အခန်းထဲခေါ်လို့
ငါတို့နှလုံးသားတွေ ကျကွဲရမလား၊ မကျကွဲရဘူးလား ဆိုတာက...
အဲဒီကိုယ့်ဇနီးမိန်းကလေးမှာ ကိုယ့်အပေါ်ချစ်တဲ့စိတ်ရှိဖူးတာထက်
သူကိုယ်တိုင် သူ့ရဲ့ကိုယ်ကျင့်သီလကို...
ဘယ်လောက် တည်မြဲအောင်ထိန်းသိမ်းမလဲဆိုတာက
ပိုစိတ်ဝင်စားစရာ ကောင်းသွားပါတယ်။
အချစ် မဟုတ်ဘူး။ အချစ်က အဓိက ကာကွယ်နိုင်မှာ မဟုတ်ဘူး။
ဘာလို့ဆို... အချစ်က အပြင်ကအရာတွေအပေါ် ပိုပြီးတော့
မူတည်လည်ပတ်သယောင် ဖြစ်ပြီး...
ကိုယ်ကျင့်သီလကတော့ ဘာနဲ့လာစမ်းစမ်း
ကိုယ့်အတွင်းထဲမှာသာ ကိုယ်တိုင်မူတည်လည်ပတ်ရတာမို့လို့ပေါ့။

◆◆◆

mgyoe.com